# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၉၉ / ၂၀၂၁

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်

( ၂၀၂၁ ခုနှစ်၊ ဧပြီလ ၆ ရက် )

## တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ မြန်မာနိုင်ငံ၏တရားမဝင်ကုန်သွယ်မှုများကြောင့် ကမ္ဘာလုံးဆိုင်ရာတရားမဝင် ကုန်သွယ်မှု အခြေအနေညွှန်းကိန်းမြင့်တက်လာမှုနှင့်စပ်လျဉ်း၍ နိုင်ငံအဆင့်၌ ဌာနအချင်းချင်းအကြား ပူးပေါင်းမှု မြှင့်တင်ရန်အတွက် “ **တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ** ” ကို အောက်ပါပုဂ္ဂိုလ် များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဥက္ကဋ္ဌ<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာနနှင့်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အဖွဲ့ဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |

(ဈ) အဖွဲ့ဝင် — အဖွဲ့ဝင်
တိုင်းဒေသကြီး/ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ

(ည) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ဋ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန

(ဌ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဍ) ရဲချုပ် — အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာန
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

| | | |
|---|---|---|
| (ဒ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (န) | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ပ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဖ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဗ) | ညွှန်ကြားရေးမှူးချုပ်<br>စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဘ) | ညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (မ) | ဥက္ကဋ္ဌ<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (ယ) | ဥက္ကဋ္ဌ က တာဝန်ပေးအပ်သူ | အတွင်းရေးမှူး |

၂။ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအတွက် အမျိုးသားအဆင့်မဟာဗျူဟာနှင့် မူဝါဒများချမှတ် လမ်းညွှန်ခြင်း၊

(ခ) တိုင်းဒေသကြီး / ပြည်နယ်များတွင် ဒေသနှင့်သင့်လျော်သော နည်းဗျူဟာများ ချမှတ်စေ၍ ဟန်ချက်ညီစွာ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်နိုင်ရန် လမ်းညွှန်ပေးခြင်း၊

(ဂ) Free Trade Zones (FTZs) များနှင့် အထူးစီးပွားရေးဇုန်များကို အသုံးချ၍ တရားမဝင်ကုန်သွယ်မှုများ မပြုလုပ်နိုင်ရန် ထိရောက်သည့်နည်းလမ်းများ ချမှတ်ကာကွယ်ခြင်း၊

(ဃ) ပြည်တွင်းထုတ်လုပ်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများကို ကာကွယ်ရန်နှင့် လုပ်ငန်းရှင်များ အကျိုးဖြစ်ထွန်းစေရန်အတွက် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်ခြင်း၊

(င) ကုန်သွယ်မှုလုပ်ငန်းများအတွက် ပေးဆောင်ရမည့် အခွန်အမျိုးအစားများကို ပိုမိုရှင်းလင်းလွယ်ကူစွာ သိရှိနိုင်ရန်၊ အခွန်ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ပိုမိုရှင်းလင်းအောင်ပြုပြင်ခြင်းနှင့် လုပ်ငန်းရှင်များအား အကောက်ခွန်လုပ်ထုံးလုပ်နည်းများ အပါအဝင် အခွန်ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) တရားမဝင်ကုန်သွယ်မှုကို အခြေခံသော အကျင့်ပျက်မှုများဖြစ်စေသည့် "အခွင့်အလမ်းများ" ကို ထိရောက်စွာတားမြစ်နိုင်ရန် ကုန်သွယ်မှုနှင့် သက်ဆိုင်သည့်ဌာနများ၏ လုပ်ထုံးလုပ်နည်းများ၊ စာရွက်စာတမ်းများ ဖြေလျှော့ခြင်း၊ e-Government စနစ် ကျင့်သုံးစေခြင်း၊

(ဆ) တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအတွက် လိုအပ်ပါက တည်ဆဲဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်နိုင်ရေး ဆောင်ရွက်ခြင်း၊ ဥပဒေအသစ်များရေးဆွဲခြင်း၊

(ဇ) တရားမဝင်ကုန်စည်များ၏ အန္တရာယ်နှင့် တရားမဝင်ကုန်သွယ်မှု၏ နိုင်ငံအပေါ် ထိခိုက်မှုများကို အများပြည်သူသိရှိနားလည်အောင် အသိပညာပေးခြင်း၊

(ဈ) အခြားနိုင်ငံများနှင့်အတူ ပူးတွဲစုံစမ်းရေးအဖွဲ့များ (Joint Investigation Teams – JITs) ထူထောင်နိုင်ရေး သက်ဆိုင်သော အဓိကအစိုးရအဖွဲ့အစည်းအဝေးများ အကြား မိတ်ဖက်အဖြစ် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ည) ပြည်ပပို့ကုန်/ သွင်းကုန် ဝင်ပေါက်ထွက်ပေါက်များတွင် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှန်ကန်ရေး၊ လွယ်ကူချောမွေ့လျင်မြန်ရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဋ) အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဈေးကွက်တွင် မျှတစွာ ယှဉ်ပြိုင်ရပ်တည်နိုင်ရန်နှင့် စားသုံးသူများ အကာအကွယ်ပေးနိုင်ရန်အတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဖွဲ့စည်းထားသည့် တရားမဝင် ကုန်သွယ်မှုများ တားဆီးထိန်းချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်စေခြင်း၊

(ဌ) တရားမဝင်ကုန်သွယ်မှုများ တားဆီးထိန်းချုပ်မှုတွင် ဆုပေး၊ ဒဏ်ပေးစနစ်ကို ထိရောက်စွာ ကျင့်သုံးခြင်း၊

(ဍ) တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ မဟာဗျူဟာနှင့် လမ်းညွှန်ချက်များအပေါ် လုပ်ငန်းစီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော်ခြင်း၊ ကြီးကြပ်ခြင်း၊ လေ့လာစောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်းနှင့် အစီရင်ခံခြင်းများကို ဆောင်ရွက်နိုင်ရန် အမြဲတမ်းရုံးအဖွဲ့တစ်ရပ် ဖွဲ့စည်းထားရှိဆောင်ရွက်ခြင်း၊ ယင်းရုံးအဖွဲ့တွင် သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များ အချိန်ပြည့်ပူးပေါင်းပါဝင် ဆောင်ရွက်စေခြင်း။

၃။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အား ယင်းကော်မတီ၏ တာဝန်ခံဝန်ကြီးဌာန (Focal Ministry) အဖြစ် သတ်မှတ်တာဝန်ပေးအပ်လိုက်သည်။

၄။ နိုင်ငံတော်သမ္မတရုံး၏ ၂၅ - ၆ - ၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၉ / ၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ